မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

Burmese Christian Fellowship

# Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.* ___ *Volume 11/ Issue 4 / April / 2018*










## BCF 2018, April Events




### Sunday Events

*4/ 01/ 2018 ... Easter Service and Holy Communion*

*4/ 08/ 2018 ... Regular Sunday Service and B.C.F. Official Board Meeting*
*(after the service)*

*4/ 15/ 2018 ... Regular Sunday Service*

*4/ 22/ 2018 ... Regular Sunday Service and Burmese New Year Celebration*
*(Right after the service)*

*4/ 29/ 2018 ... Worship through Music Service*

***Worship Place***

*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

***Worship Service***

*Sunday Worship (Sunday) 2:00 PM*
*Sunday School (Sunday) 2:15 PM*
*Youth Activity (Sunday) 2:15 PM*

***Prayer Meeting***

*Every Saturday, 2:00 PM*

***Bible Study***

*Sunday 1:00-2:00 PM*

***Mailing Address***

*B.C.F. Newsletter Editor*
*1337 Farmstead Ave. La Puente, CA 91745*

***Contact Number***

*Phone (562) 944-9091*

***For more information, please visit @ www. bcfla.org***



## ကားတိုင်ထက်မှ ခရစ်တော်၏စကားကြီး(၇)ချက်

၁။ ***"အိုအဘ၊ သူတို့၏အပြစ်ကို လွှတ်တော် မူပါ။ သူတို့သည် ကိုယ်ပြုသော အမှုကိုမသိကြ။"*** ဟုမြွက်ဆိုတော်မူ၏။ (လုကာ၊၂၃း၃၄)

၂။ ယေရှုကလည်း၊ "***ငါအမှန်ဆိုသည်ကား ၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည်*** "ဟုမိန့်တော်မူ၏။ (လုကာ၊၂၃း၄၃)

၃။ မယ်တော်အား၊ "***အချင်းမိန်းမ၊ သင်၏သားကို ကြည့်ပါ*** "ဟူ၍၎င်း၊ တပည့်တော်အားလည်း၊"***သင်၏အမိကို ကြည့်ပါ*** "ဟူ၍၎င်း၊ မိန့်တော်မူ၏။ (ယော၊၁၉း၂၆)

၄။ ယေရှုက၊ "***ဧလိ၊ ဧလိ၊ လာမရှာဗခသာနိ*** "ဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။ (မာကု၊၁၅း၃၄)

၅။ ယေရှုက၊ "***ရေငတ်သည်*** "ဟုမိန့်တော်မူ၏။ (ယော၊၁၉း၂၈)

၆။ ယေရှုသည် ပုံးရည်ကို ခံပြီးမှ၊ "***အမှုပြီးပြီ*** " ဟုမိန့်တော်မူလျက်၊ ခေါင်းတော်ကို ငိုက်စိုက်ညွတ်၍ အသက်တော်ကို စွန့်တော်မူ၏။ (ယော၊၁၉း၃၀)

၇။ ယေရှုသည်လည်းကြီးသောအသံနှင့် ကြွေးကြော်တော် မူပြီးလျှင်၊ "***အိုအဘ၊ အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ်အပ်ပါ၏***" ဟု မိန့်တော်မူလျက် အသက်ချုပ်တော်မူ၏။ (လုကာ၊၂၃း၄၆)

[သမ္မာကျမ်းစာမှကောက်နုတ်ချက်]

ရွက်ဟောင်းကြွေကျ
ရွက်နုဝေချိန်
နွေဦးကာလ
သန်းကောင်ယံမှာ
အိမ်မက်အာရုံ
တခုပေါ်လာ။

အာရုဏ်တက်ချိန်
အိပ်ရာမှနိုး
စဉ်းစားဆင်ခြင်
ပုဂ္ဂိုလ်တစ်ပါး
ကျွန်ုပ်ခန္ဓာကို
နွေးထွေးစွာဖြင့်
ချီကာပွေ့ပိုက်
ဧည့်ခန်းဆိုဖာ
ထက်တွင်ထားခဲ့။

အားရဝမ်းသာ
သူဘယ်သူလဲ
စိတ်ကူးထဲထည့်
ကရာနီကုန်း
ကားတိုင်ထက်မှာ
လူတိုင်းအတွက်
ဒုစရိုက်ကြွေး
သွေးစက်တွေနဲ့
ဝယ်ရွေးခဲ့သူ။

တုနှိုင်းမရ
နက်ရှိုင်းလွန်းတဲ့
သူ့ရဲ့မေတ္တာ
အဂ္ဂါပေချစ်
ပယ်ငရဲတွင်း
သက်ဆင်းခြင်းမှ
ရွေးနှုတ်ကယ်တင်
သခင်ယေရှု။



# မမေ့နိုင်တဲ့ည

နိုင်လင်း

# မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်
# 24 Hour Easter Prayer Chain




Matthew 28:6

မတ်လ၊ ၃၀ ရက်၊ ၂၀၁၈ သောကြာနေ့၊ ညနေ ၆း၀၀ နာရီ

မှ

မတ်လ၊ ၃၁ ရက်၊ ၂၀၁၈ စနေနေ့၊ ညနေ ၆း၀၀ နာရီ

အမည် ______________________________

အချိန် ______________________________

## ဆုတောင်းရန်အချက်များ

**က။ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းရန်**

(၁) မိမိတို့၏မြန်မာခရစ်ယာန်မိတ်သဟာရအသင်းတော် (BCF) အား၊ (၄၁) နှစ်တိုင်အောင်ကောင်းကြီးပေးလျက် ပို့ဆောင်တော်မူခြင်းနှင့် ကိုယ်ပိုင်အသင်းတော်အဆောက်အဦး ပေးသနားတော်မူခြင်းအတွက်။

(၂) အသင်းတော်၏သင်းအုပ်ဆရာကြီးနှင့်မိသားစု၊ လက်ထောက်သင်းအုပ်နှင့် မိသားစု၊ ဆရာ၊ဆရာမများနှင့်မိသားစုများအတွက်။

(၃) အသင်းတော်၏အသင်းထောက်များ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသူ၊ အသင်းသားများအတွက်။

(၄) ကယ်လီဖိုးနီးယား၌ ရှိသောမြန်မာစကားပြောအသင်းအဖွဲ့များနှင့် မိတ်သဟာယဖွဲ့ခွင့်၊ ပူးတွဲဆောင်ရွက်ခွင့် ရရှိခြင်းများအတွက်။

(၅) မိမိနှင့် မိသားစုများ၊ ရပ်နီးရပ်ဝေးနှင့် အခြားနိုင်ငံများ၌ ရှိကြသောဆွေမျိုးသား ခြင်းများ၊ အသိမိတ်ဆွေများအတွက်။

**ခ။ မြန်မာနိုင်ငံအတွက် ဆုတောင်းရန်။**

(၁) မြန်မာနိုင်ငံအစိုးရအဖွဲ့ အစည်းများအတွက်ဆုတောင်းပါ။

(၂) ငြိမ်းချမ်းသာယာ၍ စည်းလုံးညီညွတ်သောနိုင်ငံဖြစ်လာစေရန်။ ဖွံ့ဖြိုးတိုးတက်ရန်။

(၃) တိုင်းနှင့် ပြည်နယ်များတွင် မြန်မာနှင့် တိုင်းရင်းသားလူမျိုးစုများအားလုံး မေတ္တာထားကြလျက် တစ်ဦးနှင့် တစ်ဦး ပိုမိုရင်းနှီးကြစေရန်။ နယ်စပ်ဒေသများ တွင် ငြိမ်းချမ်းရေးရရှိရန်။

(၄) မြန်မာနိုင်ငံ ခရစ်ယာန်သာသနာလုပ်ငန်းများ၌ အမှုတော်ဆောင်ရွက်လျက် ရှိကြသော ဓမ္မအမှုတော်ဆောင်များနှင့် မိသားစုများအတွက်။

(၅) မိမိတို့နှင့် ဆက်နွယ်လျက်ရှိကြသော အသင်းတော်များ၊ အဖွဲ့အစည်းများ အတွက်။

(၆) အတန်းတင်စာမေးပွဲဖြေဆိုသောကလေးများ၊ အထူးသဖြင့် Grade (11) တက္ကသိုလ်ဝင်စာမေးပွဲ။

**ဂ။ အမေရိကန်နိုင်ငံ အတွက် ဆုတောင်းပါ။**

(၁) အမေရိကန်အစိုးရအတွက်ဆုတောင်းပါ။

(၂) ငြိမ်းချမ်းသာယာသောနိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက်။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ စားဝတ်နေရေး နှင့် လုံခြုံရေးအတွက်။

**ဃ။ အခြားနိုင်ငံများအတွက် ဆုတောင်းပါ။**

(၁) စစ်မက်ဖြစ်ပွားနေသောနိုင်ငံများ၊ တင်းမာမှု ဖြစ်ပွားနေသောနိုင်ငံများ (အရှေ့အလယ်ပိုင်းဒေသ) များအတွက်။

(၂) ဘာသာရေး နှင့် နိုင်ငံရေး အစွန်းရောက်သူများ၏ အန္တရာယ်များမှ ကာကွယ်စောင့်ထိန်းခြင်းအတွက်။

(၃) သဘာဝဘေးအန္တရာယ်၊ လူမှုရေးဒုက္ခ ခံစားရသူများ အတွက်။

**င။ မြန်မာခရစ်ယာန်မိတ်သဟာရအသင်းတော် (BCF) အတွက် ဆုတောင်းပါ။**

(၁) လူငယ်များနှင့် ဥပုဒ်စာဖြေကလေးလူငယ်များ ကာယ၊ ဉာဏ၊ ဝိညာဉ်ရေး အတွက်

(၂) ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူ၊ ကျောင်းသားများ အတွက်

(၃) သက်ကြွယ်သူများ အတွက်၊

(၄) ကျန်းမာရေးအားနည်းနေကြသူများ အတွက်၊

(၅) အလုပ်အကိုင် ရှာဖွေနေကြသူများ အတွက်။

(၆) တနင်္ဂနွေနေ့တွင် အလုပ်ဆင်းနေရသူများ အတွက်။

(၇) မြန်မာနိုင်ငံမှလာရောက်၍ ဓမ္မတက္ကသိုလ်တက်ရောက်နေကြသူများ အတွက်။

**စ။ သင်ထည့်သွင်း တောင်းခံလိုသော ဆုတောင်းချက်များ။**

(၁) ကယ်လီဖိုးနီးယားတွင် မိုးပိုမိုရွာသွန်းရန် အတွက်။

(၂) ရာဇဝတ်ပြစ်မှုများ များပြားလာနေခြင်းကြောင့် လုံခြုံရေးအတွက်။

(၃)

(၄)

# BURMESE CHRISTIAN FELLOWSHIP

## 24 HOURS EASTER PRAYER CHAIN




6:00pm Friday, March 30, 2018
to
6:00pm Saturday, March 31, 2018

**Name** ______________________________

**Time** ______________________________

*Matthew 28:6*

## Easter Prayer Requests:

**A. Praise and Thanksgiving**

(1) Praise and Thank God for his blessings in sending us through the 41st year and giving us our own church building.
(2) Pray for our Senior Pastor and family and for associate pastors and families.
(3) Pray for our deacons, E. C. members and church members.
(4) Pray for our fellowship and co-operations with other Burmese speaking churches in California.
(5) Pray for yourself and your family members, relatives and friends in other countries

**B. Pray for Myanmar**

(1) Pray for Myanmar Government.
(2) Pray for a peaceful and united Myanmar.
(3) Pray for love and understanding among Myanmar and ethnic nationalities in divisions and states, especially Myanmar border areas.
(4) Pray for the pastors, co-workers and their families in Christian Mission Work.
(5) Pray for our related churches and mission organizations
(6) Pray for **the students taking high school final examination** especially **eleventh** Grade.

**C. Pray for USA**

(1) Pray for the government of USA.
(2) Pray for the welfare and security of the people.

**D. Pray for other countries**

(1) Pray for peace in all countries that have problems, especially the Middle East.
(2) Pray for the protection from the dangers of religious and political extremists.
(3) Pray for countries with natural disasters and social problems.

**E. Pray for BCF**

(1) Pray for the physical, intellectual and spiritual growth of young people and Sunday School children
(2) Pray for the students in schools and colleges.
(3) Pray for our elderly people.
(4) Pray for those who are in need of health.
(5) Pray for those who are looking for jobs.
(6) Pray for those who have to work on Sundays.
(7) Pray for those students coming here to study at Bible Colleges and Seminaries.

**F. Any other prayer you would like to be added**

(1) Pray for more rain in California.
(2) Pray for security of residents in California where crimes are on the rise.
(3)
(4)

# ❧ ထမြောက်တော်မူပြီ ☙

**ဤအရပ်၌မရှိ၊ မိန့်တော်မူသည့်အတိုင်း ထမြောက်တော်မူပြီ။ မ၊၂၈း၆**

အီစတာ /ရှင်ပြန်ထမြောက်ခြင်း၏အဓိပ္ပာယ်ကို ကျွန်ုပ်တို့ အကြွင်းမဲ့နားလည် သဘောပေါက်ရန် လိုအပ်သည်။

- သခင်ယေရှုသည် ကျွန်ုပ်တို့အားလုံးအတွက် တစ်ကြိမ်တည်း အသေခံခဲ့သည်။
- သေခြင်းမှ တစ်ကြိမ်တည်း ထမြောက်ခဲ့သည်။ ရော ၆း၁၀၊ ဟေဗြဲ ၁၀း၁၂၊

ကားတိုင်ထက်အသက်တော်စွန့်၍၊ အသွေးတော်ဖြင့် အပြစ်ကြွေးများပေးဆပ်ပြီးနောက် သုံးရက်မြောက်နေ့တွင် အပြစ်နှင့်ကင်းစင်သော ယေရှုသည် သေခြင်းကိုအောင်မြင်လျက် သင်္ချိုင်းတွင်းမှ /ရှင်ပြန်ထမြောက်ကာ အပြစ်တရား၏တန်ခိုး သေခြင်းကို ချိုးဖျက်၍ အောင်မြင်ခဲ့သည်။ ၎င်းသည် အသွေးတော်နှင့်တစ်ကြိမ်တည်းပူဇော်ခြင်း ဖြစ်ပြီး၊ ဘုရားသခင်နှင့်ပြန်လည်ဆက်သွယ် မိတ်ဖွဲ့ခွင့်ရရန်၊ ကိုယ်တော်နှင့်ထာဝရနေခွင့်ရရန် တစ်ခုတည်းသောလမ်းဖြစ်သည်။

- ခရစ်တော်သည် ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။
- သင်္ဂြိုဟ်ပြီးမှသုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။
- နေစရာအခန်းများ ပြင်ဆင်ပေးမည်။
- တစ်နေ့တစ်ချိန်တွင် ပြန်ကြွလာမည့်အကြောင်းကို သခင်ကတိထားခဲ့သည်။

အသက်ရှင်သောဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်သည့်အတွက် ကျွန်ုပ်တို့ကို ကယ်တင်ရန် တပါးတည်းသော သားတော်ကို စွန့်၍ အသေခံစေခဲ့သည်။ တန်ခိုးတော်ဖြင့် သေခြင်းမှ ရှင်ပြန်ထမြောက်စေခဲ့ပါ၏။

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကြောင့် ကျွန်ုပ်တို့အောင်ပွဲခံ ပျော်ပွဲဆင်နွှဲ ကြရခြင်းဖြစ်သည်။

တစ်နေ့တွင် ရှင်ပြန်ထမြောက်သော ကယ်တင်ရှင်သခင်နှင့် ကျွန်ုပ်တို့အတူရှိနေကြမည်။ သို့ဖြစ်၍၊ နှစ်စဉ် အီစတာအချိန်ကျရောက်လာတိုင်း၊ တစ်နှစ်တွင် ၊ တစ်ရက်၊ တစ်ကြိမ်တည်းသာ မဟုတ်။ အကယ်စင်စစ်၊ တစ်နှစ်ပတ်လုံးတွင် နေ့ရက်တိုင်း၌ ကယ်တင်ရှင်၏ရှင်ပြန်ထမြောက်ခြင်းကို ဆင်နွှဲအောင်ပွဲခံရန် အကြောင်းရှိပါသည်။

သခင်ယေရှုခရစ်တော် အားဖြင့် ကျွန်ုပ်တို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးလှပေ၏။

ထိုကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ဝန်ခံလျက်၊ နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကို သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အစဉ်ပူဇော်ချီးမွမ်းကြကုန်စို့။ အာမင်။

# အိမ်အပြန် ကားတိုင်လမ်း



လောကမှာလူ့ဘဝအသက်တာရဲ့ အရေးကြီးဆုံးအရာဟာ ချစ်ခြင်းမေတ္တာ ဖြစ်ပါတယ်။ ရှေးဦးစွာသော မေတ္တာဟာ ဘုရားသခင်ထံတော်မှ ရရှိခြင်းဖြစ်ပါတယ်။ လောကသားများအပေါ် ထားတဲ့ ဘုရားသခင်ရဲ့ ကြီးမြတ်တဲ့မေတ္တာ သက်သေတစ်ခုကတော့ ……

❖❖ *ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ယော၊၃း၁၆၊*

ဘုရားသခင်အတွက် လူသားတိုင်းဟာ တန်ဘိုးကြီးမားပါတယ်။ လူတိုင်းကိုလည်း ချစ်ပါတယ်။ ဒါ့ကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပျက်စီးစေလိုပါ။
အဘဘုရားရဲ့ တစ်ပါးတည်းသောသားတော်ရှင်သခင်ယေရှုဟာ လူသားတွေအပေါ် အစေခံဖို့နဲ့ ပေးဆပ်ဖို့ရန်အတွက် မေတ္တာနဲ့ ကျေးဇူးပြုခဲ့တဲ့အရာကို ကြည့်မယ်ဆိုရင် …

❖❖ *ငါတို့သည်အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ ရောမ၊ ၅း၈၊*

ခရစ်တော်ဟာ အပြစ်နွံတွင်းမှာ ရှိနေကြတဲ့ အပြစ်သားတွေရဲ့ ဘဝကို ချစ်လွန်းလို့ နှမြောတသစွာဖြင့် ကားတိုင်ပေါ်မှာ အသွေးတော်ဖြင့် ပေးဆပ်ကာ ရွေးနှုတ် ခဲ့ပါတယ်။

❖❖ *ရွှေငွေအစရှိသော ဖောက်ပြန်ပျက်ဆီးတတ် သောဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးတော်မူ၏။ ၁ပေ၊ ၁း၁၉*

ဤလောက၌ သခင်ယေရှု အသက်တော်ထင်ရှားရှိစဉ်၊ မိန့်မှာခဲ့သည်မှာ–“ ကျဉ်းသောတံခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ရောက်သော လမ်းနှင့်တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။ အသက်ရှင်ခြင်းသို့ရောက်သော လမ်းနှင့်တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍၊ တွေ့ဝင်ကြသောသူတို့သည် နည်းကြ၏။” ကျဉ်းသောတံခါးနှင့်ကျဉ်းသောလမ်း ဆိုသည်မှာ လူသားတိုင်းရဲ့ အပြစ်အဘိုးအခကို ပေးဆပ်ဘို့ရန်အတွက် သခင်ယေရှုကိုယ်တော်တိုင် သူ့ကို သံမှိုရိုက်ပြီး အသေသတ်မဲ့ကားတိုင်ကို ထမ်းပြီးလျှောက်ခဲ့တဲ့ ကရာနီကုန်းပေါ်သွားရာ ဝေဒနာလမ်း၊ အသေခံယာဇ်အဖြစ် ပူဇော်ခံရာလမ်းဖြစ်ပါတယ်။ လောကသားအပေါင်းတို့ အသက်ရှင်စဉ်အချိန်မှာ ကျွန်ုပ်တို့၏အလိုဆန္ဒ၊ ဇာတိပကတိသဘောကိုငြင်းပယ်ပြီး၊ ဘုရားရှင်၏အမိန့်တော်ကို နာခံလိုက်လျှောက်ကာ သွားရမဲ့လမ်းဖြစ်တယ်။

❖❖ *ယေရှုက၊ ငါ့နောက်သို့လိုက်လိုသောသူ ဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။*
*ကိုယ်လက်ဝါး ကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ (မဿဲ၊ ၁၆း ၂၄)*

ထို့ကြောင့် ကျွန်ုပ်တို့ဟာ ကားတိုင်တော်ကို စေ့စေ့မျှော်ကြည့်လျှက် သခင်ခရစ်တော်၏ကားတိုင်လမ်းစဉ်အတိုင်းလိုက်လျှောက်ရပါမယ်။ ကျွန်ုပ်တို့လျှောက်ရမဲ့ကားတိုင်လမ်းဟာ အပြစ်သားဘဝဟောင်းမှ လွတ်ခြင်းအခွင့်ကို ရရှိတဲ့ ထာဝရနိုင်ငံတော်သို့ ဝင်မဲ့လမ်းဖြစ်ပါတယ်။ တနည်းအားဖြင့် လူဟောင်းဘဝကိုချွတ်ပြီး လူသစ်ကို ဝတ်ဆင်ဘို့ပါဘဲ။

လောကကြီးမှာ ...
လူအများစုက ကားတိုင်လမ်းအကြောင်းကို ဂရုမစိုက် အလေးမထားကြပါဘူး။
အချို့က ကားတိုင်လမ်းအကြောင်း သိသလိုလိုနဲ့  သူတို့ လျှောက်နေတဲ့လမ်းက မှားနေကြပါတယ်။
အချို့ကြပြန်တော့လည်း လမ်းခုလတ်မှာဘဲ စိတ်ပျက်စွာနဲ့ နောက်ပြန်ဆုတ်သွားသူတွေ ရှိပါသေးတယ်။
ဒီလိုလူတွေကတော့ အပြစ်သားဘဝဟောင်းမှာဘဲ ကျင်လည်နေပြီး၊ အပြစ်သားတို့သွားရာ လမ်းမှာဘဲ လမ်းဆုံးကြမှာပါ။

တကယ်တော့ ဘုရားရှင်ထံ အရောက်သွားဘို့လမ်းက ကားတိုင်လမ်းပါဘဲ။
ကားတိုင်လမ်းဖြင့်သာ အိမ်သို့ပြန်ရောက်နိုင်သည်။ သည့်ပြင်အခြားလမ်းမရှိ။
ကားတိုင်လမ်းအကြောင်း၊ သိဘို့ရန်လွန်ကောင်း၊ ကားတိုင်လမ်းဖြင့် အိမ်ရောက်သည်။

ကားတိုင်လမ်းဖြင့်အိမ်ရောက်နိုင်တာ သိပေမဲ့လည်း ...
ကားတိုင်ကလေးလွန်းလို့ မထမ်းနိုင်တဲ့ သူတွေလည်းရှိကြပါသေးတယ်။
သူတို့ရဲ့ကားတိုင်က ဘာ့ကြောင့် လေးနေရတာလဲ။ ???

❖❖ *အကြင်သူသည် ငါ့ထံသို့လာ၍ မိဘ၊ သားမယား၊ ညီအစ်ကို၊ နှမတို့ကိုငင်း၊ ထိုမျှမက မိမိအသက်ကိုငင်း မမုန်း၊ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်ရာ။ အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါ့တပည့်မဖြစ်နိုင်ရာ။ လုကာ၊ ၁၄း ၂၆–၂၇*

ကားတိုင်ထမ်းခြင်းအရာမှာ ငါ့မိဘ၊ ငါ့သားမယား၊ ငါ့ညီအစ်ကိုမောင်နှမ၊ ငါ့ပစ္စည်း၊ ငါ့ပိုင်ဆိုင်၊ ငါ့ဆန္ဒတွေအပြင်၊ ငါ့အသက် စသည့် ငါတည်း ဟူသော အတ္တသဘောတွေပါ ထပ်ဆင့်၍ ထမ်းနေလို့ လေးနေတာပါဘဲ။ ဒီလိုသာထမ်းနေမယ်ဆိုရင် ခရစ်တော်၏ တပည့်မဖြစ်နိုင်သလို၊ လိုရာခရီး ပန်းတိုင်ကို ရောက်ဖို့ရန် အလွန်ပင် ခဲယဉ်းလှပါတယ်။ သင့်ရဲ့ကားတိုင်က လေးနေရင်၊ သင့်ရဲ့အတ္တစိတ်ကိုသာ ဘေးဖယ်လိုက်ပါ။

ထို့အပြင် ... ကားတိုင်ကို ဖြတ်ပစ်လိုသူတွေလည်း ရှိကြပါသေးတယ်။
သူတို့တွေ ဘာ့ကြောင့် ကားတိုင်ကို ဖြတ်ပစ်ခြင်ရတာလဲ။ ... ???

အဖြေကတော့ ...
ခရစ်တော်နည်းတူ ကားတိုင်ထမ်းပြီး လျှောက်ရာ ဝေဒနာလမ်းမှာ ဆင်းရဲငြိုငြင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်း ... စသည်တို့ကို မခံစားလိုတဲ့အတွက် ထိုအရာများကို ဖြတ်ပစ်လို ကြတာပါဘဲ။

အကယ်၍ ... ကားတိုင်ကို ဖြတ်လိုက်လို့ ဝန်ပေါ့သွားမယ်လို့ သင်ထင်ရပေမဲ့၊ ဒါဟာ မဟာအမှားပါဘဲ။
စဉ်းစားကြည့်ပါ။  ထာဝရတည်တဲ့ နေရာကို သင်ရောက်နိုင်ပါဦးမလား။ ... ???

ကားတိုင်လမ်းဟာ မလွယ်ကူလှပါဘူး။
အလွန်ကြီးမားတဲ့ ချောက်ကမ်းပါး ကြီးခြားနေသလို အလှမ်းကွာဝေးလှပါတယ်။
ခရစ်တော်၏ ကားတိုင်ကိုသာ ထမ်းပြီး၊ သင်မလျှောက်ဘူးဆိုလျှင်တော့၊ ဘုရားရှင်နဲ့ ဝေးသထက်ဝေးနေရာမှာ သင်ကျန်ရစ်နေပါလိမ့်မယ်။

အနည်းငယ်သော လူစုလောက်သာ ခရစ်တော်ကိုယ်တော်တိုင် ခံစားခဲ့ရသော  နာကျင်ခြင်း ဒုက္ခဝေဒနာအမျိုးမျိုးတို့ကို မိမိတို့၏ အသက်တာမှာ သိက္ခာရှိရှိ၊ တည်ကြည်စွာနဲ့ ခံယူပြီး၊ ကားတိုင်ထမ်းခြင်းအရာ၌၊ အသက်သရဖူကို ဆောင်းလျှက်၊ ခရစ်တော်ကို ယုံကြည်ကိုးစားခြင်းဖြင့် အောင်မြင်စွာနဲ့ သီချင်းဆိုချီးမွမ်း၍၊ ဘုရားရှင်၏ ဘုန်းတော်ကို ထင်ရှားလျှက် ရှိနေပါပြီ။

❖❖ *ငါတို့ကိုချစ်တော်မူသော သခင်ယေရှု၏ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏။ ရောမ၊ ၈း၃၇၊*

တမန်တော်ကြီးရှင်ပေါလုက ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပမာဏ မပြုထိုက်ဟုပြောခဲ့ပါတယ်။ ကျွန်ုပ်တို့ဟာ သခင်ခရစ်တော်နှင့် အတူ ဆင်းရဲဒုက္ခကို ခံရလျှင်၊ ထိုသခင်နှင့် ဆက်ဆံသောအမွေခံများဖြစ်သည့်အတွက် ထူးမြတ်တဲ့လွတ်ခြင်းချမ်းသာတည်းဟူသော ဖေါက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှ ကယ်လွှတ်ခြင်းချမ်းသာကို ဝင်စားမည်ဟု မြော်လင့်ရသောအခွင့်ကို ရရှိတဲ့အတွက် ကျေးဇူးတော်သည် ကြီးလှပါတကား။

❖❖ *အများသော သူတို့သည် ကျေးဇူးတော်ကို ချီးမွမ်းသည်နှင့်၊  ထိုကြွယ်ဝသော ကျေးဇူးတော်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေမည် အကြောင်း၊ ခပ်သိမ်းသော အရာတို့သည် သင်တို့အဘို့အလို့ငှါဖြစ်သတည်း။ ယခုခဏခံရ၍ ပေါ့ပါးသောဆင်းရဲခြင်းဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ်လေးလံသော နိစ္စထာဝရဘုန်းအသရေကို ငါတို့အဘို့ဖြစ်စေတတ်၏။ ကော၊၄း၁၈၊*

ကားတိုင်လမ်းဖြင့်သာ .. အိမ်သို့ပြန်ရောက်နိုင်သည်။

